# အံ့သြဖွယ်ရာ တောင်တက်ဆိတ်များ

.....သက်တန့်ချို(၃၀.၃.၁၀)



အလွန်ကို အံ့သြစရာ ကောင်းလောက်အောင် ထူးခြားတဲ့ တောင်တက်ဆိတ်များပဲ ဖြစ်ပါတယ် ။ သာမန်လူတို့ တက်ဖို့တောင် ခက်တဲ့ တောင်ထိပ်ဖျားတွေဆီကို သူတို့ ခွာတွေနဲ့ မြဲမြံစွာကုပ်တွယ်ပြီးတော့ တက်လေ့ ရှိပါတယ် ။ တောင်ကမ်းပါးယံတွေကိုတွယ်တက်တာကို ကြည့်ခြင်းအားဖြင့် သူတို့ခွာတွေရဲ့ မြဲမြံမှုကို တွေ့မြင်နိုင်ပါတယ် ။ သူတိုရဲ့ မျိုးစိတ်က Oreamnos americanus ဖြစ်ပြီး သူတို့ဟာ ပင်လယ်မြေမျက်နှာပြင်အထက် အမြင့်ပိုင်း တွေ မှာ နေထိုင်လေ့ ရှိပါတယ် ။




PLEASE
DO NOT
CLIMB
ON
ROCKS












သူတို့ကို Rocky Mountain Goat လို့ ခေါ်ပြီး မြောက်အမေရိက မှာ နေထိုင်ကျက်စားလေ့ရှိပါတယ် ။ သူတို့မှာ အံ့သြစရာကောင်းတဲ့ နောက်တစ်ချက်က သူတို့ဟာ တောင်တက်နေရင်းနဲ့ တောင်နံ့ယံတွေမှာ တွယ်ပြီး နား နေလေ့ ရှိပါတယ် ။ အထီးရော အမရော နာယောင်တိုပြီး ရှည်လျှားနက်မှောင်တဲ့ ဦးချိုများရှိပါတယ် ။ ဦးချို တွေ က ၁၅ မှ ၂၈ စင်တီမီတာ ထိရှည်လျားပါတယ် ။ ဆောင်းရာသီမှာ သူတို့ရဲ့ သားမွေးကာတွေဟာ အအေး ချိန် -50'F (-45.6'F) ထိခံနိုင်ရည်ရှိပြီး လေတိုက်နှုန်း 100 mph (160km/h) လောက်ထိကို ကာကွယ်နိုင်စွမ်း ရှိပါတယ် ။